## သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ယာဉ်မောင်းစက်ပြင်(၅) ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ရေးဖြေစာမေးပွဲ ဖြေဆိုမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် ခုံအမှတ်များ ကြေညာခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၌ လစ်လပ်လျက်ရှိသော ယာဉ်မောင်းစက်ပြင်(၅) **(လစာနှုန်း ကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)** ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ် | ဖြေဆိုမည့်နေ့ရက် | ဖြေဆိုမည့်အချိန် | ဖြေဆိုမည့်နေရာ |
|---|---|---|---|---|
| ၁ | အထွေထွေဗဟုသုတ | ၂၃-၁၂-၂၀၂၃<br>(စနေနေ့) | ၀၉ : ၀၀ နာရီမှ<br>၁၁ : ၀၀ နာရီထိ | သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း။ |

၂။ ယာဉ်မောင်းစက်ပြင်(၅) ရာထူးနေရာများအတွက် ဝင်ခွင့်လျှောက်ထားသူများ၏ ရေးဖြေစာမေးပွဲဖြေဆိုရန် ခုံအမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ခုံအမှတ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ယာဉ်မောင်း(၅)-၁ | ဦးရာဇာထွန်း | ၉/ဇယသ(နိုင်)၀၂၈၈၀၀ | |
| ၂ | ယာဉ်မောင်း(၅)-၂ | ဦးထွန်းလင်းဌေး | ၈/စလန(နိုင်)၁၈၆၉၅၈ | |
| ၃ | ယာဉ်မောင်း(၅)-၃ | ဦးခန့်ဝင်းရှိန် | ၁၂/မဘန(နိုင်)၁၄၅၈၇၈ | |

၃။ ယာဉ်မောင်းစက်ပြင်(၅)ရာထူး နေရာအတွက် ဝင်ခွင့်လျှောက်ထားသူများသည် ဖြေဆိုမည့်နေ့ မတိုင်မီ တစ်ရက်ကြိုတင်၍ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနသို့ သတင်းပေးပို့ရန်နှင့် စာမေးပွဲဖြေဆိုမည့်နေ့၏ နံနက် (၀၈:၃၀)နာရီအရောက် ဖြေဆိုမည့်နေရာသို့ အောက်ဖော်ပြပါ စာရွက်စာတမ်း(မူရင်း)များ ယူဆောင်၍ သတင်းပို့ရမည်ဖြစ်ပြီး (၀၉:၃၀)နာရီ ထက်နောက်ကျ၍ ရောက်ရှိလာသူများနှင့် အောက်ဖော်ပြပါ စာရွက်စာတမ်း(မူရင်း) မတင်ပြနိုင်သူများကို စာမေးပွဲ ဖြေဆိုခွင့် ခွင့်ပြုမည် မဟုတ်ပါ-

(က) အခြေခံပညာအလယ်တန်းအောင်လက်မှတ်(မူရင်း)နှင့်ယာဉ်မောင်းလိုင်စင်(မူရင်း)

( ခ ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၆)လအတွင်း သက်ဆိုင်ရာနယ်မြေရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)

( ဂ ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)

( ဃ ) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)

( င ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်(မူရင်း)

၄။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင် လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။ ရေးဖြေစာမေးပွဲတွင် အမှတ်အများဆုံးရရှိသူများမှ လူတွေ့စစ်ဆေးမည့် အရေအတွက်ကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၂၀ (င) ၇ နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးခြင်း ဆောင်ရွက်မည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို ဆက်လက်ထုတ်ပြန်သွားပါမည်။

၅။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်၊ ၀၆၇–၃၄၀၅၄၀၃၊ ၀၆၇–၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သစ်တောဦးစီးဌာန**